**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၉ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

**စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ ထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ - ၁၂ - ၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် **“ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ”** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

( ၁ ) မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်မှုရှိစေရေးတို့အတွက် အလေးထားဆောင်ရွက်ရန်၊

( ၂ ) ကော်မရှင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော ပြည်တွင်းပြည်ပပညာရှင်များကို ခန့်ထားခြင်းနှင့် အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်သွားရန်၊

( ၃ ) ကော်မရှင်သည် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးသုတေသနနှင့် နည်းပညာ ပြန့်ပွားရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းသွားရန်၊

( ၄ ) သက်ဆိုင်ရာကော်မတီမှ တင်ပြလာသည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှုပြုခြင်းနှင့် အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊

( ၅ ) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊

( ၆ ) လယ်ယာ၊ သားငါး ထုတ်ကုန်များ ထုတ်လုပ်မှုမြှင့်တင်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေး အတွက် လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊

( ၇ ) ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီး ဌာန၊ စက်မှုဝန်ကြီးဌာန နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တို့နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အသင်း လက်အောက်ရှိ ညီနောင်အသင်းအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် သက်ဆိုင်သော လမ်းညွှန်ချက်များချမှတ်ခြင်း၊

(၈) စနစ်တကျစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ယင်းမှခေတ်မီ စိုက်ပျိုးရေးနှင့် မွေးမြူရေးစနစ်သို့သွားရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန်၊

(၉) စိုက်ပျိုးရေး၊ သားငါး မွေးမြူရေးထုတ်လုပ်မှုအတွက် လိုအပ်သော မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစာကုန်ကြမ်း၊ ဆေးဝါး၊ သားပေါက် စသည့် သွင်းအားစု ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို ပြည်တွင်း၌ ဖူလုံစွာထုတ်လုပ်နိုင်ရေးကို တွန်းအားပေးဆောင်ရွက်ခြင်း၊ ယင်းမှပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊

(၁၀) ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသေးသော အချို့သွင်းအားစုပစ္စည်းများဖြစ်သော မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစာကုန်ကြမ်း၊ ဆေးဝါး၊ သားပေါက် စသည့်သွင်းအားစုများကို ပြည်ပမှတင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၁၁) ကျေးလက်လမ်း၊ ကျေးလက်စွမ်းအင်နှင့် လယ်ယာသားငါးအခြေခံ ပြုပြင်ထုပ်ပိုးသည့် MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူများ အကြား ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ခြင်း၊

(၁၂) မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရေး အားပေးလမ်းညွှန်ခြင်း၊

(၁၃) အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူများ၊ လယ်သမားများ၊ တိရစ္ဆာန်မွေးမြူသူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများစသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်နေသူများအား ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်များကို လမ်းညွှန်မှုပြုခြင်း၊

(၁၄) တန်ဖိုးကွင်းဆက်၊ ထုတ်လုပ်မှုကွင်းဆက်ဆိုင်ရာစီမံခန့်ခွဲမှု၊ ထုပ်ပိုးပြုပြင်ခြင်း၊ တန်ဖိုးမြှင့်ပို့ကုန်များ ထုတ်လုပ်ခြင်း၊ ပို့ကုန်အခြေပြုထုတ်လုပ်မှုလုပ်ငန်းများတွင် ကျွမ်းကျင်မှုမြှင့်တင်ခြင်းလုပ်ငန်းများကို အားပေးခြင်း၊

(၁၅) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(၁၆) ပြည်တွင်းပြည်ပ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန် အားပေးခြင်း၊

(၁၇) တောင်သူလယ်သမားများ၊ မွေးမြူသူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ထုတ်လုပ်သူများထံသို့ နည်းပညာပြန့်ပွားရေးနှင့် သတင်းအချက်အလက်မျှဝေရေး လုပ်ငန်းစဉ်များကို လမ်းညွှန်ခြင်း၊

(၁၈) ရေ၊ မြေ နှင့် သဘာဝသယံဇာတများကို မှန်ကန်စွာ စီမံခန့်ခွဲနိုင်ရေး လမ်းညွှန်ခြင်း၊

(၁၉) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် အဓိကကျသည့်ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ရေရှည်အတွက် အလေးထားဆောင်ရွက်ရန်၊

(၂၀) သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ တင်ပြလာသည့် သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပေါ် ထိခိုက်မှုလျော့နည်းစေရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လမ်းညွှန်မှုပြုခြင်းနှင့် အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊

(၂၁) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စနစ်တကျ စောင့်ကြည့်လေ့လာရေးစနစ်တစ်ရပ် ထူထောင်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး